# သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်

အကယ်၍ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် မဟုတ်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် မိမိတို့၏ အချိန်နာရီများကို အလဟဿ ဖြုန်းတီးနေသူများသာ ဖြစ်နေပေလိမ့်မည်။

သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော် (သို့) ဘုရားသခင်၏ နှုတ်တော်ထွက်စကား အစစ်အမှန်ဟုတ်ပါရဲ့လားဟူသော မေးခွန်းသည် လူသားအားလုံးအတွက်အကြီးမားဆုံးသော မေးခွန်းတစ်ခုဖြစ်ပါသည်။ အကယ်၍ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်မဟုတ်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် မိမိတို့၏ အချိန်နာရီများကို အလဟဿ ဖြုန်းတီးနေသူများသာဖြစ်နေပေလိမ့်မည်။ အကယ်၍ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်စစ်ဖြစ်ခဲ့ပါလျှင် သမ္မာကျမ်းစာထက်ပို၍ အရေးကြီးသော အရာဟူ၍ နှိုင်းယှဉ်စရာရှိနိုင်တော့မည်မဟုတ်ပါ။ သမ္မာကျမ်းစာသည် ဘုရားသခင်ကိုယ်တော်တိုင်၏ နှုတ်ထွက်စကားဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ အဘယ်ကြောင့်နည်း။

(က) ***အဘယ်ကြောင့်ဆိုတော် သမ္မာကျမ်းစာ၏ စည်းလုံးညီညွတ်မှုနှင့် စုံလင်မှုကြောင့်ဖြစ်သည်။***

သမ္မာကျမ်းစာသည် အလွန်ကြီးမားသော စာကြည့်တိုက်တစ်ခုနှင့် တူပါသည်။ မတူညီသော စာရေးဆရာ (၄၀)ကျော်က နှစ်ပေါင်း (၁၆၀၀) ကျော်ကာလအတွင်း၌ ရေးသား ခဲ့ခြင်းဖြစ်ပြီး ရေးသားမှုအားလုံးတို့သည် ဇာတိဦးတည်ချက်တစ်ခုတည်း အပေါ်တွင်သာ တညီတညွတ်တည်းဖြင့် သဘောတူတင်ပြရေးသားထားသည်ကို တွေ့ရသည်။ အခြားမည်သည့် စာအုပ်စာပေများနှင့်မဆို တူညီခြင်းမရှိသည်သာမက ခေတ်အဆက်ဆက်အတွက် ဆီလျော်မှန်ကန်ပြီး အသုံးတည့်သောစာအုပ်လည်း ဖြစ်နေပါသည်။ သမ္မာကျမ်းစာ၌ ပါဝင်သော စာစောင်များသည်လည်း တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဖက်၊ ပဋိပက္ခ ဖြစ်ခြင်း အငြင်းပွါးစရာ ဝိရောဓိဖြစ်ခြင်းမရှိဘဲ ညီညွတ်မှုရှိပြီး အစဉ်အမြဲမှန်ကန်မှုရှိနေပါသည်။

(ခ) ***အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာမှ ပရောဖက်စကားများ ပြီးပြည့်စုံလာသောကြောင့်ဖြစ်သည်။***

သမ္မာကျမ်းစာ၌ ပရောဖက်စကား (သို့) အနာဂတ္တိကျမ်းများစွာရှိပါသည်။ ဒံယေလ ပရောဖက်ပြုခဲ့သည့် တိုင်းနိုင်ငံ အင်ပါယာကြီးများအကြောင်း၊ ကွဲလွင့်သွားသော ဣသရေလလူမျိုးများ မိမိတို့နေရင်းတိုင်းပြည်သို့ ပြန်လာရမည့် အကြောင်း၊ သခင်ခရစ်တော် မွေးဖွားလာမည့်အကြောင်း (ဟေရှာ ၇ း ၁၄)၊ ခရစ်တော်မွေးဖွါးမည့်နေရာ (မိက္ခာ ၅ း ၂)၊ ခရစ်တော်သည် လူတို့၏တားဆီးနှိပ်စက်မှုကိုခံပြီး အသေသတ်ခြင်းခံရမည့်အကြောင်း (ဟေရှာ ၅၃) မှစ၍ နောက်ဆုံးသောနေ့ရက်များနှင့် ဆိုင်၍ ပရောဖက်ပြုခဲ့သောစကားများ (ယေဇကျေလ ၃၇၊ ၃၈၊ ၃၉) သည် တစ်ခု နောက်တစ်ခု ပြီးပြည့်စုံလာသည်ကို တွေ့ရပါသည်။

ထိုကျမ်းစာ
ရှိသမျှသည်
ဘုရားသခင်
မှုတ်သွင်း
တော်မူသော
အားဖြင့်ဖြစ်၍

(ဂ)***အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာသည် သိပ္ပံပညာရှုထောင့်အားဖြင့်လည်း တိကျမှန်ကန်မှုရှိသောကြောင့်ဖြစ်သည်။***

သမ္မာကျမ်းစာသည် မူလအားဖြင့် သိပ္ပံပညာစာအုပ်မဟုတ်ပါ။ သို့သော်လည်း သမ္မာကျမ်းစာပါအကြောင်းအရာများကို သိပ္ပံပညာနှင့် ယှဉ်ကြည့်မည်ဆိုလျှင်လည်း မှန်ကန်မှုရှိကြောင်း တွေ့ရပါသည်။ ''လူကိုဖန်ဆင်းခြင်းအကြောင်း'' (ကမ္ဘာ ၁ း ၂၆-၂၈)၊ ''အသက်သည်အသွေး၌တည်ကြောင်း'' (ဝတ်ပြု ၁၇ း၁၁)၊ ''ကမ္ဘာကြီးသည် စက်ဝိုင်းသဏ္ဍာန်ရှိကြောင်း'' (ဟေရှာ ၄၀ း၂၂)၊ '' ကမ္ဘာကြီးသည်အာကာသကောင်းကင်၌တည်ရှိကြောင်း'' (ယောဘ ၂၆ း၇)၊ ''ကမ္ဘာကြီးသည်မိမိဝန်ရိုးပေါ်တွင်လည်ပတ်လျှက်ရှိကြောင်း'' (ဆာလံ ၁၉ း ၅-၆)၊ စသည်တို့သည် သိပ္ပံပညာ၏ သတ်မှတ်ချက်များနှင့် တစ်ထပ်တည်းဖြစ်ကြောင်း အခိုင်အမာတွေ့ရှိရသည်။

(ဃ) ***အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာ၏တိကျမှန်ကန်မှုတို့သည် သခင်ယေရှုခရစ်တော်၏ အာမခံချက်ပေးမှုကြောင့်ဖြစ်သည်။***

''ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကားတည်လိမ့်မည်''(မဿဲ ၂၄း၃၅) ''ကျမ်းစာကို မပယ်ရလျှင်လည်းကောင်း''(ယော ၁၀ း ၃၆)၊ ''ဤအကြောင်းအရာကားသမ္မာကျမ်းစာ ပြည့်စုံမည်အကြောင်းတည်း'' (မာကု ၁၄ း ၅၀) စသည်တို့သည် သခင်ယေရှု၏ အာမခံချက်စကားများဖြစ်သည်။ သမ္မာကျမ်းစာထဲမှ လူတို့မယုံကြည်နိုင်သော အကြောင်းအရာများအတွက်လည်း သခင်ယေရှုက အာမခံချက်ပေးခဲ့ပါသည်။ ''ဖန်ဆင်းခြင်းအကြောင်း'' (မဿဲ ၁၉ း ၄-၆)၊ ''နောအကြောင်း'' (မဿဲ ၂၄ း ၃၇-၃၉)၊ ''သောဒုံမြို့အကြောင်း''(လုကာ ၁၇ း ၂၈-၃၀)၊ ''ယောနအကြောင်း'' (မဿဲ ၁၂ း ၃၉-၄၁)။

***(င) အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာသည် သက်ဝင်လုပ်ဆောင်သောကြောင့်ဖြစ်သည်။***

''သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင့်အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်'' (တမန် ၁၆ း ၃၁)။
''လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏''
(၂ကော ၅ း ၁၇)။
''ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုစေခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည့်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်းတရားကို သွန်သင်ခြင်း ဆုကျေးဇူးများကို ပြုတတ်၏''
(၂တိမောသေ ၃ း ၁၆-၁၇)။

ဤကျမ်းပိုဒ်များက သမ္မာကျမ်းစာကို ဖတ်ရှုဆင်ခြင်သူတို့၏ ဘဝအသက်တာထဲ၌ ပြောင်းလဲမှုကို ဖြစ်စေကြောင်း သိနားလည်ရပေသည်။ ဤပြောင်းလဲမှုသည် သမ္မာကျမ်းစာ၏ သက်ဝင်လုပ်ဆောင်မှုကြောင့်ပင်ဖြစ်သည်။

## နိဂုံးချုပ်

သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်ပါသည်။ ထို့ကြောင့်သာလျှင် ခေတ်ကာလအခြေအနေအချိန်အခါတိုင်းအတွက် အသက်ရှင်ပြီးဆီလျော်အသုံးတည့်သောစာအုပ်အဖြစ် ယနေ့တိုင် ရပ်တည်ရှင်သန်နိုင်ခြင်းဖြစ်ပါသည်။ အရာခပ်သိမ်းတို့ လျှင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာလောကကြီးထဲ၌ မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲဘဲ တည်ရှိနေတော်မူသော ထာဝရဘုရားသခင်အကြောင်းကို သက်သေခံနိုင်ရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာကို နေ့စဉ်အသက်တာမှာ ကြိုးစားဖတ်ရှုလေ့လာကြပါစို့။

‘‘လူမျိုးနှင့် လူမျိုး၏ ဘုန်းရှိသမျှတို့သည် မြက်ပင်မြက်ပွင့်ကဲ့သို့ ညှိုးနွမ်း ခြောက်သွေ့လျက် အပွင့်လည်း ကြွေကျသွားမည်သာဖြစ်သော်လည်း ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်ရှိနေမည်ဖြစ်သည်’’(၁ပေ ၁း၂၄–၂၅)

ဆာလံဆရာက ‘‘ နှုတ်ကပတ်တော်သည် ကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏’’ (ဆာ ၁၁၉ း ၁၀၅) ဟူ၍ ၎င်း၊ ‘‘နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏’’ (ဆာလံ ၁၁၉ း ၁၃၀) ဟူ၍၎င်း၊ ရှင်းလင်းပြတ်သားစွာ ခံယူခဲ့သည်နည်းတူ ကျွန်ုပ်တို့သည်လည်း ‘‘သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်’’ ဟူသောအချက်ကို အကြွင်းမဲ့ယုံကြည်စိတ်ချလျက် လိုက်လျှောက်အသက်ရှင်ကြပါစို့။

‘‘နှုတ်ကပတ်တရားကိုနာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူဖြစ်ကြလော့’’ (ယာကုပ် ၁ း၂၂)။

သိက္ခာတော်ရဆရာ ဂျာနော်ဂျူနီယာ

*မှတ်ချက်။ ။ ၂၀၀၉ ဩဂုတ်လထုတ်မြန်မာ့တမန်မဂ္ဂဇင်းမှထပ်ဆင့်တင်ပြထားပါသည်။*

‘‘လူမျိုးနှင့် လူမျိုး၏ ဘုန်းရှိသမျှတို့သည် မြက်ပင်မြက်ပွင့်ကဲ့သို့ ညှိုးနွမ်းခြောက်သွေ့လျက် အပွင့်လည်း ကြွေကျသွားမည်သာဖြစ်သော်လည်း ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်ရှိနေမည်ဖြစ်သည်’’